The Nationalization of the Insurance Companies
(Act No. LX of 1951)  Act 1951

# ၁၉၅၁ ခုနှစ်၊ အာမခံကုမ္ပဏီများကို နိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အာမခံကုမ္ပဏီများကို နိုင်ငံပိုင်ပြုလုပ်ခြင်း အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) "ကုမ္ပဏီ" ဆိုသည်မှာ၊ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေအရ ၁၉၅၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ ဖွဲ့စည်းတည်ထောင်၍မှတ်ပုံစာရင်းတင်သွင်းပြီးလျှင် အသက်အာမခံကုမ္ပဏီ အက်ဥပဒေ (Life Insurance Companies Act) အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်းတွင် အသက်အာမခံအလုပ်များကို လုပ်ကိုင်လျက်ရှိသော လီမိတက်ကုမ္ပဏီများနှင့် အထွေထွေအာမခံလုပ်ငန်းများကို လုပ်ကိုင်နေသောအခြားကုမ္ပဏီများကိုဆိုလိုသည်။

(ခ) "အဖွဲ့" ဆိုသည်မှာ၊ ၁၉၅၀ ပြည့်နှစ်၊ ပြည်ထောင်စုအာမခံစီနစ်အဖွဲ့ အက်ဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စု အာမခံစီနစ်အဖွဲ့ကိုဆိုလိုသည်။

၃။ ။(၁) နိုင်ငံတော် သမတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသော ကုမ္ပဏီကို သီးခြားဖေါ်ပြသောနေ့ရက်တွင် နိုင်ငံပိုင်အဖြစ်ဖြင့်သိမ်းယူနိုင်သည်။ ယင်းသို့ သိမ်းယူသည့်အခါ၊ ထိုကုမ္ပဏီရှိဌာနများကို တဌာနပြီးတဌာနခွဲ၍ ထိုဌာနဆိုင်ရာပစ္စည်းအရပ်ရပ်နှင့်တကွ အကြိမ်ကြိမ်သော်၎င်း၊သိမ်းယူနိုင်သည်။ သို့တည်းမဟုတ် ထိုကုမ္ပဏီတခုလုံးကို ဆိုင်ရာပစ္စည်းအရပ်ရပ်နှင့်တကွ တကြိမ်တည်းသော်၎င်း သိမ်းယူနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ သိမ်းယူသောအခါ ထိုကုမ္ပဏီနှင့် ထိုကုမ္ပဏီဆိုင်ရာပစ္စည်းအရပ်ရပ်သည်၊ သို့တည်းမဟုတ် ကုမ္ပဏီထံမှသိမ်းယူသောဌာနနှင့်ထိုဌာနဆိုင်ရာပစ္စည်းအရပ်ရပ်သည် အဆိုပါအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသော နေ့မှ အစပြု၍အဖွဲ့ပိုင်ဖြစ်ရမည်။

၄။ ။(၁)ပုဒ်မ ၃ အရ နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူသောနေ့မှ အစပြု၍ သိမ်းယူသည့်ဌာနသည်၊ သို့တည်းမဟုတ် ကုမ္ပဏီသည် အဖွဲ့၏အုပ်ချုပ်စီမံမှုအောက်သို့ ရောက်ရှိလာရမည်။ထိုဌာန၏၊ သို့တည်းမဟုတ် ကုမ္ပဏီ၏ရာထမ်းမှုထမ်းအားလုံးသည်လည်း၊ အဖွဲ့၏ရာထမ်းမှုထမ်းများဖြစ်ကြရမည်။

သို့ရာတွင် ထိုရာထမ်းမှုထမ်းများ၏ ရာထူးအဆင့်အတန်း၊ လစာနှင့်စရိတ်ကြေးငွေများသည်၊ အဖွဲ့ကသတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

(၂) ပုဒ်မ ၃ (၁) အရ၊ ကုမ္ပဏီ၏ဌာနများထဲမှ ဌာနတခုသာစတင်သိမ်းယူသောအခါ၊ ထိုဌာနဆိုင်ရာအဖွဲ့၏ရာထမ်းမှုထမ်းများသည်မသိမ်းယူသေးဘဲကျန်နေသောဌာနများအတွက် အဖွဲ့၏ကြီးကြပ်အုပ်ချုပ်ခြင်းကိုလိုက်နာလျက်အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည်။

Price,—One anna.]

၅။ ။(၁) ပုဒ်မ ၃ အရ နိုင်ငံပိုင်အဖြစ်ဖြင့် သိမ်းယူသည့်အတွက်၊ ဆိုင်ရာကုမ္ပဏီကိုအစိုးရက တရားမျှတသောလျော်ကြေးပေးရမည်။ ထိုတရားမျှတသော လျော်ကြေးသည် ယင်းသို့သိမ်းယူသောနေ့၌ သိမ်းယူသော ပစ္စည်းအရပ်ရပ်၏ ကာလတန်ဘိုးဖြစ်ရမည်။ ထိုကာလတန်ဘိုးကို အဖွဲ့နှင့်ကုမ္ပဏီနှစ်ဦးသဘောတူ ရွေးချယ်သည့်အာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary)က ဆုံးဖြတ်ရမည်။ အကယ်၍ ယင်းသို့ရွေးချယ်ရာတွင် အဖွဲ့နှင့် ကုမ္ပဏီတို့သဘောတူညီချက်မရရှိလျှင်၊ နိုင်ငံတော်သမတရွေးချယ်သည့် အာမခံစာရင်းအင်း ကျွမ်းကျင်သူ (actuary)က ထိုကာလတန်ဘိုးကို ဆုံးဖြတ်ရမည်။

(၂) ပုဒ်မခွဲ(၁)အရ ရွေးချယ်ခြင်းခံရသည့် အာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary)၏အခကို အစိုးရနှင့် ကုမ္ပဏီတို့က ထက်ဝက်စီပေးရမည်။

၆။ ။အဆိုပါကာလတန်ဘိုးကို အစိုးရကသင့်တော်သည်ဟု သတ်မှတ်သောနည်းလမ်းအတိုင်း ဆိုင်ရာကုမ္ပဏီအား အစိုးရကပေးရမည်။

၇။ ။(၁) ပုဒ်မ ၅ အရ ဆုံးဖြတ်သောကာလတန်ဘိုးကို အစိုးရကသော်၎င်း၊ ကုမ္ပဏီကသော်၎င်း သဘောမတူခဲ့သော်၊ နိုင်ငံတော်သမတကခန့်သည့် ပုဂ္ဂိုလ်သုံးဦးပါဝင်သောခုံအဖွဲ့က ထိုကာလတန်ဘိုးကို ဆုံးဖြတ်ရမည်။

(၂) ထိုခုံအဖွဲ့တွင်လွှတ်တော်တရားဝန်ကြီးတဦးက ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်၍ကျန်နှစ်ဦးအနက်၊ တဦးမှာ ပုဒ်မ ၅ အရကာလတန်ဘိုးဆုံးဖြတ်သူမဟုတ်သည့်အရည်အချင်းနှင့်ပြည့်စုံသောအာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary) တဦးဖြစ်ရမည်။

(၃) ၁၉၅၀ ခုနှစ်၊ စုံစမ်းရေးကော်မီတီများအက်ဥပဒေပုဒ်မ ၉၊ ၁၀ နှင့် ၁၁ ပါ ပြဋ္ဌာန်းချက်များသည် ထိုအက်ဥပဒေပုဒ်မ ၂ တွင် ရည်ညွှန်းထားသည့် စုံစမ်းရေးကော်မီတီနှင့်သက်ဆိုင်သကဲ့သို့ထိုခုံအဖွဲ့နှင့်သက်ဆိုင်ရမည်။

(၄) ထိုခုံအဖွဲ့ဝင်များထင်မြင်ယူဆချက်ကွဲလွဲသည့်အခါ အဖွဲ့ဝင်များ ရာ၏ထင်မြင်ယူဆချက်သည် အတည်ဖြစ်ရမည်။

(၅) ထိုခုံအဖွဲ့ဝင်သုံးဦးထဲမှတဦးတယောက်သည် အကြောင်းတခုခုကြောင့်၊ ခုံအဖွဲ့၏တာဝန်များကို ဆက်လက်ဆောင်ရွက်ခြင်းမပြုနိုင်သော်၊ ထိုတာဝန်များကို ဆက်လက်ထမ်းဆောင်နိုင်ရန် အခြားသင့်တော်သောပုဂ္ဂိုလ်တဦးကို နိုင်ငံတော်သမတကခန့်ရမည်။ ယင်းသို့ခန့်ခြင်းဖြင့်၊ ခုံအဖွဲ့လုပ်ခဲ့ပြီးသော အလုပ်များကို ထိခိုက်ခြင်းမရှိဘဲ ခုံအဖွဲ့သည် စတင်ဖွဲ့စည်းစဉ်ကပင် ထိုသူအား ခုံအဖွဲ့ဝင်ခန့်ဘိသကဲ့သို့ ဆက်လက်၍ ဆောင်ရွက်နိုင်သည်။

(၆) ခုံအဖွဲ့တွင် ပါဝင်ဆောင်ရွက်သော အာမခံစာရင်းအင်းကျွမ်းကျင်သူ (actuary) နှင့်ပြည်ထောင်စုဘဏ္ဍာတော်မှ လစာခံယူနေသည့်သူမဟုတ်သောခုံအဖွဲ့ဝင်တဦးတယောက်၏အခကို၊ အစိုးရနှင့်ကုမ္ပဏီတို့ကထက်ဝက်စီပေးရမည်။

၈။ ။တရားမျှတသော လျော်ကြေးနှင့်စပ်လျဉ်း၍ ခုံအဖွဲ့ကချမှတ်သောဆုံးဖြတ်ချက်ကို၊ ဥပဒေကြောင်းနှင့်ဖြစ်စေ၊ အမှုခြင်းရာနှင့်ဖြစ်စေ၊ အစိုးရသည်၊ သို့တည်းမဟုတ် ဆိုင်ရာကုမ္ပဏီသည်၊ တရားလွှတ်တော်ချုပ်သို့အယူခံနိုင်သည်။

G U.B.C.P.O.—No. 74, M. of J.A., 5-1-52—2,000—II,